အဆိပ်ဌာနများမှ ကျွမ်းကျင်သောအကြံပြုချက်ဖုန်းမှတဆင့် အမြန်ပေးပါသည်။ သင်နှင့်သင့်မိသားစု အဆိပ်အရေးပေါ်ကိစ္စများနှင့် အဆိပ်သင့်ခြင်းဆိုင်ရာမေးခွန်းများကို ကူညီဖြေရှင်းပေးနိုင်ပါသည်။

သင် နေ့ညအချိန်ကာလမရွေး ၂၄ နာရီပါတ်လုံး ၇ ရက်ပါတ်လည် ဖုန်းခေါ် နိုင်ပါသည်။ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆရာဝန်များနှင့် အခြားသော အဆိပ်ဆိုင်ရာကျွမ်းကျင်သူများမှ ဖြေကြားပေးပါမည်၊

ဘာသာစကားပေါင်း ၁၅၀ကျော်ဖြင့် သင့်အားအကူအညီပေးနိုင်ပါသည် (သို့) အကြားအာရုံချို့ယွင်းသူများ အတွက်ပါ ကူညီပေးနိုင်ပါသည်။

အဆိပ်ဌာနများ အမေရိကန်နိုင်ငံတလွှားအနှံ့အပြားတွင်ရှိပါသည်။ ဘယ်နေရာမှာနေနေ ဖုန်းနံပါတ် **၁–၈၀၀–၂၂၂–၁၂၂၂** သို့ ခေါ် ခြင်းဖြင့်အဆိပ်ဌာနနှင့်ဆက်သွယ်နိုင်ပါသည်။




# အဆိပ်သင့်သူအတွက် ရှေးဦးသူနာပြုစုနည်း

**လူတစ်ယောက်သည်–**

- ✔ အသက်ရှူရပ်လျှင်
- ✔ လဲကျလျှင် သို့ မဟုတ်
- ✔ တက်လျှင်

**၉၁၁ ကိုချက်ခြင်းခေါ်ပါ။**

## မျက်လုံးထဲ အဆိပ်ဝင်သော်

မျက်လုံးများကိုရေအဆက်မပြတ်လောင်းပါ၊ အဆိပ်ဌာနဖုန်း ၁–၈၀၀–၂၂၂–၁၂၂၂ ကိုခေါ်ပါ။

## အရေပြားအဆိပ်သင့်သော်

အဆိပ်ထိထားသောအဝတ်ကိုချွတ်ပါ၊ အရေပြားကိုရေအဆက်မပြတ်လောင်းပါ။ အဆိပ်ဌာနဖုန်း ၁–၈၀၀–၂၂၂–၁၂၂၂ ကိုခေါ်ပါ။

## အဆိပ်ရှူမိသော်

လေကောင်းလေသန့် နေရာသို့ ချက်ခြင်းပြောင်းပြီး အဆိပ်ဌာနဖုန်း ၁–၈၀၀–၂၂၂–၁၂၂၂ ကိုခေါ်ပါ။

## အဆိပ်မျိုမိသော်

အဆိပ်ဌာနဖုန်း ၁–၈၀၀–၂၂၂–၁၂၂၂ ကိုခေါ်ပါ။

အိမ်မှာကြိုးစားပြီး ဆေးမီးတို (သို့) လမ်းမမှန်သောအန်အောင်လုပ်နည်းများ**မလုပ်ပါနှင့်**၊ အဆိပ်ဌာနဖုန်းကိုအရင်ခေါ်ပါ၊

ပိုမိုသိရှိလိုပါက www.aapcc.org သို့ ဝင်ရောက်ပါ (သို့) သင့်ဒေသဆိုင်ရာအဆိပ်ဌာနသို့ ဖုန်းခေါ်ပါ။

© ၂၀၁၀ အမေရိကန် အဆိပ်ထိန်းချုပ်ရေးဌာနများအဖွဲ့

# သင့် အဆိပ် ဌာန



တစ်စုံတစ်ယောက်သည် ၈ စက္ကန့် တိုင်း အဆိပ်ဌာနကိုလိုအပ်နေသည်။

## နောက်တစ်ယောက်သည် သင်ဖြစ်နိုင်ပါသလား။

POISON Help 1-800-222-1222

**အခမဲ့၊ လျှင်မြန်၊ ကျွမ်းကျင်သောအကူအညီ တစ်ရက် ၂၄ နာရီ တစ်ပါတ် ၇ ရက်**

# သင်သိရဲ့လား။

အများအထင်မှာ ကလေးများမကြာခဏအဆိပ်သင့်ကြတယ်။ ဒါပေမဲ့ အဆိပ်နဲ့သေဆုံးသူအများဆုံးမှာလူကြီးများဖြစ်ကြတယ်။ အဆိပ်သင့်ခြင်းသည် အယောက်တိုင်းပေါ်အန္တရာယ်ရှိတယ်။ မှားယွင်းစွာသုံးစွဲမှု၊ မှားယွင်းသောပမာဏ၊



သို့မဟုတ် မသိနားမလည်သောသူအားဖြင့် အရာအားလုံးနီးပါးဟာအဆိပ်ဖြစ်စေတတ်ပါတယ်။

**အချို့သောအဆိပ်များမှာ–**

- ဆေးဝါးများ (ဆရာဝန်ပေးသောဆေး၊ ဈေးဆိုင်မှဝယ်ယူနိုင်သောဆေး၊ ဆေးရွက်များနှင့်ဖေါ်စပ်သောဆေး) နှင့် လမ်းဘေးဆေးဝါးများ
- အိမ်တွင်းရှိ ဆပ်ပြာ၊ အစွန်းချွတ်ဆေး၊ ပိုးနှင့်ပေါင်းပင်သတ်ဆေးများ၊ ရေခဲပျော်ဆေး နှင့် မီးအိမ်ဆီများ
- သင့်အလုပ်ခွင်မှ ဓါတုပစ္စည်းများ
- ပိုးမွှားများကိုက်ခြင်း၊ တုတ်ခြင်း
- မှိုများနှင့် အပင်ငယ်များ
- အငွေ့များနှင့် ဓါတ်ငွေ့များ

ဆေးဝါးများမှားယွင်းစွာသုံးစွဲခြင်း နှင့် အခြားသူ၏ ဆေးဝါးများသုံးစွဲမိခြင်း၊ ပန်းကန်ဆေးဆပ်ပြာအားမတော်တဆစား သောက်မိခြင်း၊ ဖျော်ရည်တွင် သန့်ရှင်းရေးသုံးပစ္စည်းများရောစပ်မိ ခြင်း (သို့) အရက်အလွန်ကျွံရောစပ်မိခြင်းများအားဖြင့် အဆိပ်သင့်မှုကိုဦးတည်စေပါသည်။

# ဘာ့ကြောင့်သင်ခေါ်သင့်ပါသလဲ။

လူတိုင်းအဆိပ်သင့်နိုင်သလို အဆိပ်ဌာနသည်လည်း အယောက်စီတိုင်းအတွက်ပါ။ အခမဲ့ခေါ်ဆိုနိုင်သလိုပုဂ္ဂိုလ်ရေးလုံခြုံ စိတ်ချမှုလည်းပေးပါတယ်။

**သင့်ငွေနှင့်အချိန်ချွေတာမှုကို ကျွန်ုပ်တို့ကူညီမည်။**

အဆိပ်ဌာနသို့ဖုန်းခေါ်သူ ၁၀ ယောက်တွင် ၇ ယောက် သည် ဆရာဝန်ထံ (သို့) ဆေးရုံသို့သွားရန်မလိုပဲ အကူအညီရကြပါသည်။

**သင့်ဆရာဝန်လည်း အဆိပ်ဌာနကိုခေါ်ရသည်။**

ဆရာဝန်၊ ဆရာမများမှ အဆိပ်သင့်လူနာများအား ကုသရာတွင် အကူညီလိုအပ်ပါက ဒေသဆိုင်ရာအဆိပ်ဌာနသို့ခေါ်ရသည်။

***ကျွမ်းကျင်သူများမှာ ကျွန်ုပ်တို့ဖြစ်ပါသည်။***




**အခမဲ့၊ လျှင်မြန်၊ ကျွမ်းကျင်သောအကူအညီ**
**တစ်ရက် ၂၄ နာရီ တစ်ပါတ် ၇ ရက်**

# 1-800-222-1222

# အဆိပ်မှကြိုတင်ကာကွယ်ရန်

တစ်စုံတစ်ယောက် အဆိပ်သင့်သည်ဟုထင်လျှင် ဖုန်းနံပါတ် ၁–၈၀၀–၂၂၂–၁၂၂၂ သို့ချက်ခြင်းခေါ်ပါ၊ စိုးရိမ်ဖွယ်ရာအဆိပ်သင့်မှု တိုင်း၏ လက္ခဏာများကို ကနဦး ကြိုတင်မမြင်နိုင်ပါ။

- ဖုန်းနံပါတ် ၁–၈၀၀–၂၂၂–၁၂၂၂ အား သင့်လက်ကိုင်ဖုန်း (သို့) အိမ်ဖုန်းအနီးမှာ မှတ်သားထားပါ။
- ဆေးဝါးများနှင့် အိမ်သန့်ရှင်းရေးသုံး ဆေး၊ ဆပ်ပြာများကို မူလဗူးများပုံးများတွင်သာထည့်၍ စားသောက်စရာနေရာများမှ ခွဲခြားသိမ်းဆည်းပါ။
- အမြဲတစေ အညွှန်းကိုဖတ်၍ လိုက်နာဆောင်ရွက်ပါ။
- ဆေးဝါးများနှင့် အိမ်သန့်ရှင်းရေး သုံးဆေး၊ ဆပ်ပြာများ ကိုသော့ခတ်သိမ်းဆည်းပါ၊ ကလေးများမမှီ၊ မတွေ့ နိုင်သောနေရာတွင်ထားပါ။
- ကလေးမဖွင့်နိုင်သော အမျိုးစားကိုဝယ်ပါ၊ သို့သော် ကလေးငယ်အန္တရာယ် ကာကွယ်သောအရာတစ်ခုမှ မရှိကြောင်းအမှတ်ရပါ။
- ဆေးကိုသကြားလုံးဟု မခေါ်ပြပါနှင့်၊ အဆိပ်သည် စားစရာသောက်စရာများနှင့်မှားယွင်းတတ်ပါသည်။ ကလေးများအား တစ်စုံတစ်ခုမမြီးစမ်းမီ လူကြီးတစ်ဦးဦး ကိုမေးရန်သင်ကြားပေးထားပါ။
- လူငယ်များ စိတ်ကြွရန်သုံးတတ်သော ဓါတုပစ္စည်းနှင့် မူးယစ်ဆေးများအကြောင်းလေ့လာထားပါ၊ ၄င်းတို့ ၏အန္တရာယ်ပေးစေတတ်မှုကို ပြောပြထားပါ။
- သင့်အိမ်တွင် ကာဘွန်မိုနောက်ဆိုဒ်ဓါတ်ငွေ့ သတိပေးကိရိယာတတ်ဆင်ထားပါ။

